**မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအစီအစဉ်အရ ဖွင့်လှစ်သည့်**
**"Training on Basic Concept and Functions of Statistics for Promoting Statistical Literacy" သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ**

**"Training on Basic Concept and Functions of Statistics for Promoting Statistical Literacy"**သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၉-၁-၂၀၂၃ ရက်နေ့ နံနက်ခင်း (၉:၃၀)နာရီအချိန်တွင် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်မှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့ မှ ဇန်နဝါရီလ (၂၇) ရက်နေ့အထိ (နေ့လယ် ၁၁:၀၀ နာရီ မှ ညနေ ၄:၁၅ အထိ) ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ၁၅ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာမဒေါ်အေးအေးမော်က သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသားများအနေဖြင့် စာရင်းအင်းဆိုင်ရာအချက်အလက်များ စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များ ဆန်းစစ်ခြင်းအတွက် အခြေခံကျသောလုပ်ဆောင်ချက်များတိုးတက်ရရှိစေရန်၊ စာရင်းအင်းဆိုင်ရာ နည်းပညာရပ်များကို စနစ်တကျအသုံးချတတ်စေရန်၊ သင့်လျော်သောစိစစ်ချက်များနှင့် အချက်အလက်များ စုဆောင်းခြင်းနည်းလမ်းများကို ရွေးချယ်တတ်စေရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

Descriptive and Inferential Statistics, Types of Variables, Types of Data, Measurement Levels, Data Collection and Sampling, Frequency Distributions and Graphs, Measure of Central Tendency, Measure of Variation, Measure of Position and Exploratory Data Analysis တို့ ဖြစ်ပါသည်။ အဆိုပါ သင်ခန်းစာများကို Nature of Statistics နှင့် Data Collection and Sampling နည်းလမ်းများ၊ Frequency Distribution and Graphs များကို အသုံးပြု၍ လက်တွေ့အသုံးချနိုင်ရန် သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့ရှိ ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ထမ်းများ အရာထမ်း၊ အမှုထမ်းစုစုပေါင်း (၅၁)ဦးတက်ရောက်ပါသည်။